
မောင်ရှုးစမ်း
စီးပွားရေးအတွေးအမြင်နှင့်
အခြားဆောင်းပါးများ

# အခန်း (၁)

## စီးပွားရေး အတွေ းအမြင် (၁)

## စပိအကြောင်း

'စပိ' အမည် ရှိ ဗွီဒီယိုရုပ်ရှင်ကား၌ ၊ ပြန်ပေးသမားက ဇိမ်ခံလူစီးဘတ်စ်ကားကြီးထဲတွင် ၊ ထူးဆန်းသော ဗုံးတစ်လုံးကို ထည့်ပေးလိုက် ၏ ။ တစ်နာရီ ကီလိုမီတာ ၅၀ နှုန်းအထက် မောင်းရ တော့မည် ။ ဤနှုန်းထက် အရှိန်လျှော့ မောင်းမိသည်နှင့် တစ်ပြိုင်နက်၊ ဇိမ်ခံလူစီးကားကြီးသည် ဗုံးကွဲ၍ ပေါက်ကွဲတော့မည် ။

တိုင်းပြည်တစ်ပြည်၏ စီးပွားရေး သည် ဤသို့ပ အလားတူနေသည်ဟု၊ အချို့သော ဘောဂ ဗေဒပညာရှင်တို့က ရည်ညွှန်းပြောဆိုကြသည်။ နှေးလျှင် ကွဲမည် ။ အချို့ကမူ ဤမျှမြန်အောင် မောင်းရလျှင် ဗုံးမပါပါက၊ ထိန်းမနိုင်သိမ်းမရ ဖြစ်ကာ တစ်စုံတရာနှင့် ဝင်ဆောင့်ပြီး၊ တိမ်းမှော က် သွားနိုင်သည်။ ယုတ်စွအဆုံး၊ လမ်းဘေးချော်ထွက်သွားနိုင်သည်ဟု၊ ထင်မြင်ချက် ပြောကြသည်။

သို့ ဖြင့် ၊ ဘယ်လောက်နှုန်းနှင့် မောင်းမလဲဆိုသော အရှိန် (speed စပိ) ပြဿနာသည်၊ ထိပ်တန်းတက် အရေး ကြီးလာတော့သည်။

ဘယ်စံတွေ လဲ

နိုင်ငံတိုင်းလိုလိုသည် စီးပွားရေး ဖွံ့ဖြိုး ကြီးထွားလာအောင် ဖြစ်စေ၊ တိုးတက်အောင် ဖြစ်စေ၊ မလွဲမသွေ ကြိုး ပမ်းကြရ၏ ။ ထို့အပြင်၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု တို့ကိုလည်း၊ လိုက်လျော ညီထွေ ဆောင်ရွက်ကြရသည်။

ထို့ကြောင့် ၊ ပြဿ နာတို့မှာ စီးပွားရေး ဖွံ့ဖြိုး ကြီးထွားတိုးတက်အောင် ကာလဘောင် (time frame) ကို မည် သို့ သတ်မှတ်မည် နည်း ဟူ၍ လည်းကောင်း၊ ဤကာလဘောင်အတွင် း၌ စပိကို ဘယ်လောက်တင်မည် နည်း ဟူ၍ လည်းကောင်း၊ လုပ်ဆောင်ရမည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု တို့ကိုလည်း၊ ကာလဘောင် သတ်မှတ်၍

နေးနေးဆောင်ရွက်မည် လား (သို့ မဟုတ်) မြန်မြန် ဆောင်ရွက်မည် လား၊ တစ်နည်းအားဖြင့် စပိ ဘယ်လောက်တင်မည် နည်း ဟူ၍ လည်းကောင်း ဖြစ်လာသည်။

စပိသည် တိုင်းပြည်စီးပွားရေး တွင် ၊ မဟာဗျူဟာအရ အချက်အချာ ကျလေပြီ။ ဤကိစ္စနှင့် ပတ်သက်၍ စဉ်းစားသုံးသပ်ရမည့် အချက်မှာ ၊ ဤစပိကို မည် သည့်စံချိန်စံထားတို့ဖြင့် အခြေပြု၍ ဆုံးဖြတ်မည် နည်း၊ ဆိုသော ပုစ္ဆာပင် ဖြစ်လေတော့၏ ။

ညှိရမည်

ဤပုစ္ဆာနှင့် ပတ်သက်၍ ၊ ဂျာမန်ပညာရှင် အက်ဇဲလ်ဘီဘန်းက အထောက်အထားတို့ကို စိစစ်သုံးသပ်ပြပြီးသည့်နောက်၊ အချက်လေးချက်ကို အရေး တယူစဉ်းစားရန် တင်ပြလိုက်သည်။ ယေဘုယျအားဖြင့် ဖော်ပြရလျှင်၊ ဖော်ပြပါ စပိပြဿ ၁နသည် ပြည်တွင် ႏစံနှင့် ပြည်ပစံ နှစ် ရပ်ပေါ် တွင် မူတည်ရသည်။

သို့ ရာတွင် ၊ လီဘန်းက မျက်မှော က်ခေတ်နှင့် နောင်အနာဂတ်တို့တွင် ၊ စပိပြဿ နာကို ပြည်ပစံဖြင့် သာ အခြေခံ၍ စဉ်းစားရတော့မည် ဟု၊ ဆိုသည်။ ပြည်တွင် ႏစံတို့ဖြင့် စပိပြဿ နာကို ကိုင်တွယ်ဖြေရှင်းရသော ခေတ်သည် ကုန်လေပြီဟုပင်၊ ထောက်ပြလိုက်သည်။

အဘယ်ကြောင့် ဆိုသော်၊ စီးပွားရေး ပြိုင်ဆိုင်မှု တို့သည် ကမ္ဘာလုံးဆိုင်ရာပြို င်ဆိုင်မှု (global competition) အသွင်လက္ခဏာဘက်ဆီသို့၊ လုံးဝဥဿ ႆ ကူး ပြောင်းသွား ပြီ ဖြစ်သော ကြောင့် ဖြစ်၏ ။ ကမ္ဘာနှင့် ယှဉ်၍ လည်း ပြိုင်နိုင်ရမည် ၊ သူများ နိုင်ငံတို့နှင့် လည်း တတ်နိုင်သမျှ အမီလိုက်နိုင်ရ မည် ။

ထို့ကြောင့် သူများ နှင့် ရင်ဘောင်တန်းလိုက်နိုင်ရေး ၊ သူများ နှင့် အမီလိုက်နိုင်ရေး ဆိုသော မဟာဗျူဟာ (catch-up strategy) ကို လက်လွှတ်၍ မ ဖြစ်သည်နှင့် အမျှ စပိပြဿ နာကို ပြည်ပစံ တို့ဖြင့် သာ အဓိက ညှိရပေမည် ။ ပြည်ပစံတို့နှင့် မညှိသမျှ နာမည့် သဘော ရှိလေ၏ ။

ရှုရှားနာရီ

စပိပြဿ   နာတွင်၊ လူမျိုးအလိုက် စိတ်နေစိတ်ထားနှင့် စရိုက်တို့ကလည်း၊ အတော် ကလေး စကားပြောသည်။ ယင်းမှာ ပြည်တွင်းစံတစ်ပါး ဖြစ်ပုံရသည်။

ပညာရှင် လီဘန်းက၊ ဥပမာအနေဖြင့် ရုရှားကို ပြသည်။ သူက ရုရှားစကားပုံတို့ကို အထောက်အထားပြုသည်။ 'သင် ဖြည်းဖြည်းသွားလေ၊ ခရီးတွင် လေ' ဆိုသော ရုရှားစကားပုံ၊ 'အဝတ်စမဖြတ်ခင် ခုနစ်ခါလောက် ကိုယ်တိုင်းယူပါ' ဆိုသော စကားပုံ၊ 'ရုရှားနာရီတွေ ဟာ အခြား လူမျိုးတွေ ရဲ့ နာရီတွေ နဲ့ မတူဘူး၊ တစ်မျိုး မြည် တယ်' ဆိုသော အဆိုစကား စသည်တို့ကို ကိုးကား ပြီးနောက်၊ ရုရှားတို့၏ အနေးကြိုက်ပုံ စိတ်ထားတို့ကို ဖော်ပြသည်။ 'မရှိလို့လုပ်စား ဖြည်းဖြည်းပေါ့' ဆိုသော မြန်မာဗန်းစကားနှင့် ၊ ခပ်ဆင်ဆင် တူပုံရသည်။

အနေးကြိုက်ရုရှားတို့သည် 'အချိန်သည် ပိုက်ဆံ' ဆိုသော ၊ အမေရိကန်တို့က ပြောနေ သော စကားကို ကြားရသော အခါ၊ နားမလည်နိုင်ဘဲ ဖြစ်သွားကြသည်ဟု လီဘန်းက ကိုယ်တွေ့ဖြင့် ပြောပြသည်။ ရုရှားတို့၏ စိတ်နေစိတ်ထားသည်၊ ဂျပန်တို့၏ မြန်မြန်တွေး၊ မြန်မြန်လုပ် (think fast, act fast) ဆိုသော အမြင်မျိုးကိုလည်း၊ ကြောင်စီစီ ဖြစ်နေကြသည်။

မိကျောင်း

လူမျိုးစရိုက်ထဲတွင် ခေါင်းဆောင်တို့၏ စရိုက်ကိုလည်း၊ လီဘန်းက ထည့်သွင်းစဉ်းစား ကြည့်သည်။ ဆိုဗီယက်ယူနီယံ မပြိုခင်ကလေး ဂေါ်ဘာချက်ဗ် ကြီးစိုးနေချိန်၌ ၊ ပြက်လုံးတစ်ခု မော်စကိုတွင် လူပြောများ ခဲ့ဖူးသည်။

'မိကျောင်းတစ်ကောင်နဲ့ ပေါ်လစ်ဗျူရိုကြားမှာ ဘာခြားနားသလဲ၊'

'မိကျောင်းမှာ ခြေလေးချောင်းရှိပြီး သွားအချောင်း ၄၀ ရှိတယ်၊ ပေါ်လစ်ဗျူရိုမှာ ဒါတွေ မရှိဘူး။'

ပေါ်လစ်ဗျူရိုလူကြီးများ အိုကုန်ပြီဟု ဆိုလိုခြင်း ဖြစ်၏ ။ ဤလူအိုကြီးတို့သည် ကိုယ်တိုင်က စပိမရှိတော့သည့်အလျောက်၊ စပိမြန်ခြင်းကို မကြိုက်ကြပေ။

အထက်ပါအချက်တို့ကို ထောက်ပြ၍ လီဘာန်းက၊ ရုရှားလူထု အများ အပြားနှင့် ခေါင်းဆောင်ပိုင်းတို့သည်၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု အရှိန် (သို့ မဟုတ်) စပိမြန်လိုက်ခြင်းကို၊ လက်ခံကြို ဆိုရန် အဆင်သင့်မ ဖြစ်နိုင်ဘဲ ဖြစ်ခဲ့ရသည်ဟု၊ မီးမောင်းထိုးပြပါသည်။

ကမ္ဘာ့အခြေအနေကိုကြည့်၍ ပြည်တွင်း ၊စီးပွားရေး ၌ စပိမြန်လိုလျှင်၊ လူမျ ိုးတို့၏ အနေးကြိုက်စရိုက်ကိုလည်း ပညာပေး ပြောင်းလဲပေးရန် လိုအပ်ပါလိမ့်မည် ။ ဤအချက်သည်ပင် လီဘာန်း၏ အဓိကဆိုလိုချက် ဖြစ်၏ ။

မဟာ လိုအပ်ချက်များ

Exigencies ဆိုသော စကားရပ်ကိုလည်း အဓိက ဖောင်းထား၍ လီဘာန်းက သုံးစွဲသည်။ ဝေါဟာရ၏ အဓိပ္ပာယ်မှာ အရေး ပေါ်အချိန်၌ ပေါ်ပေါက်လာသော မဟာလိုအပ်ချက်တို့ ဖြစ်ကြ သည်။

အရေး ကြီးဆုံး ဘာလိုအပ်နေသနည်းဟု၊ တွက်ချက်ကြံဆကြည့်ရန် ဖြစ်သည်။

တိုင်းပြည်စီးပွားရေး ၌ ၊ အခြေအနေလိုက်ပြီး မဟာလိုအပ်ချက်တို့ကား၊ ရှိနေကြမည် သာ ဖြစ်၏ ။ ဤမဟာလိုအပ်ချက်တို့ကပင်၊ အထက်တွင် ဖော်ပြခဲ့သော တိုင်းပြည်စီးပွားရေး ၏ ဖွံ့ဖြိုး တိုးတက်မှု နှင့် ၊ ပြုပြင်ပြောင်းလဲမှု တို့နှင့် ပတ်သက်သော အရှိန် (သို့ မဟုတ်) စပိကို ပြဋ္ဌာန်းမည် ဖြစ်ပါသည်။

ထို့ကြောင့် မဟာလိုအပ်ချက်တို့သည် ဖိအား ဖြစ်နေကြပါလိမ့်မည် ။ ဤမဟာလိုအပ်ချက် တို့၌ လည်း၊ ပြည်တွင်း ၊နှင့် ပြည်ပ ဟူ၍ နှစ် မျိုးနှစ် စား ရှိမည် ဖြစ်လေရာ၊ လီဘာန်း၏ အဆိုအမိန့် အတိုင်းဆိုလျှင် အခြားနိုင်ငံများ နှင့် ရင်ဘောင်တန်း အမီလိုက်နိုင်ရေး ဆိုသော လိုအပ်ချက်က၊ ပို၍ အရေး ကြီးဖွယ်ရာ ရှိပါလိမ့်မည် ။

ဤအချက်ကြောင့် စပိကို ပိုမြန်ပေးရမည့် သဘော ရှိ၏ ။

ဒုတိယ သဘာဝ

သို့ ရာတွင် ၊ တစ်ဖက်၌ နိုင်ငံသားတို့က စပိမြန်ခြင်းကို၊ အကြောင်းကြောင်းထောက်၍ မလိုက်နိုင်ဘဲ ရှိနေတတ်ကြသည်။ ထို့ကြောင့် ၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ကို၊ ပြည်တွင် းအင်အားစုတို့က မြန်လွန်းသည်ဟု ထင်တတ်ကြသည်။ သို့ ဖြင့် ၊ စပိမြန်ခြင်းကို ခုခံတတ် ကြသည်။ ပြည်ပကမူ နှေးလွန်းသည်ဟု ထင်တတ်ကြပြန်သည်။

ဤတွင် စပိကိုကြားချပြီး ထိန်းဖို့ ဖြစ်လာသည်။ ပြည်တွင် းကလည်း မြန်လွန်းသည်ဟု မထင်ရသော စပိ၊ ပြည်ပကလည်း နှေးလွန်းသည်ဟု မထင်ရသော စပိ၊ ဤအလယ်စပိဖြင့် စီးပွားရေး မော်တော် ကားကြီးကို မောင်းရမည့် ပုံ ဖြစ်လာသည်။

မည် သို့ ပင် ဖြစ်စေ၊ ဘယ်စပိနှင့် မောင်းမောင်း၊ အနေးကြိုက်လူမျိုး :စရိုက်ကိုကား၊ ပြင်ပေးကြ ရမည် ဖြစ်၏ ။ အနေးကြိုက်စရိုက်သည် မူလပထမ သဘာဝ (first nature) ဖြစ်၍ ၊ ပြုပြင်ပေး၍ သဘောပေါက်လာသော အမြန်ကြိုက်စရိုက်သည်၊ ဒုတိ သဘာဝ (second nature) ဖြစ်လာစေ ရပါမည် ။

နောင်အခါ၌ မူ ပထမ သဘာဝ ပျောက်စေ၍ ၊ ဒုတိယ သဘာဝ သည် ပထမ သဘာဝ နေရာ သို့ ဝင်ရောက်နေရာယူသွားရပါမည် ။ မြန်မြန်စဉ်းစား၊ မြန်မြန်ဆုံးဖြတ်၊ မြန်မြန်အကောင်အထည် ဖော် ဆိုသော စရိုက်သည်၊ ကွန်ပျူတာခေတ်နှင့် လည်း အံဝင်ဖွယ်ရာ ဖြစ်ပါလိမ့်မည် ။

သို့ မဟုတ်လျှင်မူ၊ စပိပြဿ နာသည် အီလည်လည်ကြီး ဖြစ်နေဖို့ ရှိသည်။ လှည်းမောင်း နေဘိအလား ခံစားကြရဖို့ ရှိပါသည်။

လေးချက်

အခြား ဂျာမန်ပညာရှင်တစ်ဦး ဖြစ်သူ ဟင်နရီဘိချ် တိုးလ်က၊ စပိနှင့် ပတ်သက်၍ ဖြည့်စွက် ပြီး တင်ပြသည်ကလည်း၊ အလွန်စိတ်ဝင်စားဖို့ ကောင်းလှသည်။

လိုရင်းချုပ်၍ ၎င်းကပြောသည်မှာ ၊ စပိမြန်မလား နှေးမလားဆိုသော ပြဿ နာသည်၊ အချက်လေးချက်ပေါ်တွင် မူတည်နေကြောင်း တင်ပြသည်။ ၎င်းတို့မှာ - (၁)

အထက်တွင် ဖော်ပြခဲ့ သော မဟာလိုအပ်ချက်များ ၊ (၂) ချမှတ်ကျင့်သုံးနေသော စီးပွားရေး မဟာဗျူဟာ၊ (၃) တိုင်းပြည် တွင် လွှမ်းမိုးနေသော သဘောတရား (အိုင်ဒီအိုလိုဂျီ) နှင့် (၄) အာဏာလွှန်ဆွဲပွဲတို့ ဟူ၍ ဖြစ်ပါ သည်။ ဘာမျှ အငြင်းပွားစရာမရှိဟု ထင်သည်။

Ref; Aussen Politik

*